# ရာထူးတိုးမြှင့်ရေးဆိုင်ရာအဆိုပြုတင်ပြလာမှုများအပေါ် စိစစ်သဘောတူညီချက်ပြန်ကြားဆောင်ရွက်ခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ (၂၂) မှ (၂၈) ထိ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ၁၄(ဂ) ၊ ၃၄(ဂ)၊ ၃၇ နှင့် ၄၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ဌာနတွင်းအမှုထမ်း (လစာနှုန်း၊ ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀) အဆင့် နှင့် ( လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ )အဆင့်များအား ပြန်တမ်းဝင်အရာရှိ( လစာနှုန်း၊ ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ )အဆင့် လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ပေးပို့လာသည့် အဆိုပြုချက်များကို စနစ်တကျစိစစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့အစည်းအဝေးများတွင်တင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံသို့ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ပြန်ကြားပေးခဲ့ပါသည်။

၂။ ၂၃ - ၁၂ - ၂၀၂၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် ( ၃၉ / ၂၀၂၁)၌ အောက်ဖော်ပြပါ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း(၃)ခုမှ ပေးပို့လာသော ရာထူးတိုးမြှင့်ရေး အဆိုပြုချက်(၃)ခုပါ သတ်မှတ်လုပ်သက်ပြည့်မီသည့်ဝန်ထမ်း (၁၂)ဦးတို့အား တိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့ပါသည် -

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်းဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၁။ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန<br>- ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | (၂)ဦး | ၂၄-၁၁-၂၀၂၁ | ၁၀-၁၂-၂၀၂၁ | ၁၅-၁၂-၂၀၂၁ | ၂၃-၁၂-၂၀၂၁ (၃၉/၂၀၂၁) |

| စဉ် | ဝန်ကြီးဌာနနှင့်<br>အဖွဲ့အစည်း | အဆိုပြု<br>ဝန်ထမ်း<br>ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့်<br>အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု<br>ကော်မတီအစည်းအဝေးမှ<br>ရာထူးတိုးမြှင့်ခန့်ထားရန်<br>သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု<br>ရာထူးဝန်အဖွဲ့မှ<br>အဆိုပြုချက်လက်ခံ<br>ရရှိသည့်နေ့ရက် | လိုအပ်သည့်<br>အချက်အလက်များ<br>ပြီးပြည့်စုံသည့်<br>နေ့ရက် | ပြည်ထောင်စုရာထူးဝန်<br>အဖွဲ့ အစည်းအဝေးက<br>သဘောတူညီခဲ့သည့်<br>နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၂။ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန<br>- ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန | (၉)ဦး | ၁၉-၁၁-၂၀၂၁ | ၁၀-၁၂-၂၀၂၁ | ၁၅-၁၂-၂၀၂၁ | ၂၃-၁၂-၂၀၂၁<br>(၃၉/၂၀၂၁) |
| ၃။ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | (၁)ဦး | ၁၅-၁၂-၂၀၂၁ | ၁၅-၁၂-၂၀၂၁ | ၁၅-၁၂-၂၀၂၁ | ၂၃-၁၂-၂၀၂၁<br>(၃၉/၂၀၂၁) |